ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

ပထမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**
**ပထမနေ့ စတင်ကျင်းပခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်က စပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(က)အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးကြည်မင်း က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**သဘာပတိ တင်မြှောက်ခြင်း**

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆ တို့အရ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နဲ့ ဒုတိယဥက္ကဋ္ဌ တို့ကို ရွေးကောက်တင်မြှောက်ပြီးသည်အထိ

အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ဖို့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး အား သဘာပတိအဖြစ် တင်မြှောက်ရမှာ ဖြစ်ပါတယ်။

သဘာပတိတင်မြှောက်နိုင်ဖို့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇ အရ သဘာပတိလောင်း အမည်စာရင်း တင်သွင်းရမှာ ဖြစ်ပါတယ်။

သဘာပတိလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ အမည်စာရင်းတင်သွင်းလွှာ ပုံစံကို ကျွန်တော့်ထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

အမည်စာရင်းတင်သွင်းခံရသူဟာ သဘာပတိအဖြစ် တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရပါမယ်။

အမည်စာရင်း တင်သွင်းသူဟာ အမည်စာရင်း တင်သွင်းလွှာကို လိုအပ်တဲ့ အချက်အလက်များကို ဖြည့်သွင်းပြီး ကျွန်တော့်ထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။

သဘာပတိလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ် ခင်ဗျား။

[အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် သဘာပတိလောင်း အမည်စာရင်း တင်သွင်းလွှာများ ထုတ်ယူကြပါသည်။]

**အချိန်၊ ၁၀း၀၆။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိလောင်း အမည်စာရင်း တင်သွင်းလွှာပုံစံ ထုတ်ယူတဲ့ အရေအတွက်ဟာ (၁)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ (၁)စောင် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိလောင်း အမည်စာရင်း တင်သွင်းရာမှာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း ကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က အမည်စာရင်း တင်သွင်းပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် က ထောက်ခံထားပါတယ်။

ဒါ့ကြောင့် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးတည်းသာ ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(စ) အရ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးဇုန်လှယ်ထန်း ကို သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## သဘာပတိ နေရာယူခြင်း

**အချိန်၊ ၁၀း၀၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိအဖြစ်တင်မြှောက်ခြင်းခံရတဲ့ ဦးဇုန်လှယ်ထန်း က သဘာပတိတာဝန်ထမ်းဆောင်ဖို့အတွက် စင်မြင့်ပေါ်သို့

ကြွရောက် နေရာယူခြင်း ဖြစ်ပါတယ်။ သဘာပတိတာဝန် ထမ်းဆောင်ဖို့ စင်မြင့်ပေါ်သို့ ကြွရောက်ချိန်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

သဘာပတိ စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

[သဘာပတိ ဦးဇုန်လှယ်ထန်း သည် သဘာပတိအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပြီး ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## သဘာပတိ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀:၀၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆ အရ သဘာပတိက အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးဖို့ ဆောင်ရွက် ပါမယ်။

ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ ကတိသစ္စာပြုမယ့် သဘာပတိကသာ လိုက်ဆို ဖို့ ဖြစ်ပါတယ်။ ယခု သဘာပတိ ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်ခင်ဗျား။

ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုပြီးနောက် မိမိအမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။

[အခမ်းအနားမှူးက အောက်ပါအတိုင်း ကတိသစ္စာကို တိုင်ပေး၍ သဘာပတိက ကတိသစ္စာ ပြုပါသည်။]

"ကျွန်ုပ် ဦးဇုန်လှယ်ထန်း သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ သဘာပတိအဖြစ် လည်းကောင်း ရွေးချယ်ခံရပြီး ဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု သမ⊞မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရား များကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်၏ ရှေ့မှောက်တွင် သဘာပတိ လက်မှတ်ရေးထိုးတဲ့ အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

[သဘာပတိ က ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။]

## သဘာပတိ နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု သဘာပတိ က နှုတ်ခွန်းဆက်စကား ပြောကြားမှာ ဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကား ပြောကြားပေးနိုင်ပါရန် သဘာပတိအား လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**သဘာပတိ။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စားပြု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ရွေးကောက်တင်မြှောက်ခြင်း ခံရတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ဖြစ်ပါတယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မိမိအား သဘာပတိအဖြစ် တင်မြှောက်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါကြောင်းနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ အစည်းအဝေးမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ပေးအပ်တဲ့ သဘာပတိတာဝန်ကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျေပွန်စွာ ဆောင်ရွက်ပါမယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း လုပ်ငန်းစဉ်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံးနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားပါမည် ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး သဘာပတိက အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၁၃။**

**သဘာပတိ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က) အရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ သဘာပတိရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ လွှတ်တော် ကိုယ်စားလှယ်များက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ယခု လွှတ်တော် ကိုယ်စားလှယ်များ ကတိသစ္စာပြုပါမယ်။ အစည်းအဝေး ခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုပြီးနောက် မိမိအမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။

[သဘာပတိ က အောက်ပါအတိုင်း ကတိသစ္စာ ကို တိုင်ပေး၍ လွှတ်တော်ကိုယ်စားလှယ် များက ကတိသစ္စာပြုကြပါသည်။]

"ကျွန်ုပ် ---------- သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု သမ္မတ မြန်မာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရှိသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက် တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**သဘာပတိ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**သဘာပတိ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု သဘာပတိရဲ့ ရှေ့မှောက်မှာ လွှတ်တော်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးတဲ့ အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါ တယ်။

လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားတဲ့ ကတိသစ္စာပြုလွှာများပေါ်မှာ မိမိရဲ့အမည်၊ မဲဆန္ဒနယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမည်တို့ကို ရေးသားပြီး လက်မှတ်ရေးထိုး ကြဖို့ ဖြစ်ပါတယ်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိရဲ့အမည်၊ ရာထူးတို့ကို ရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကတိသစ္စာ ပြုလွှာများပေါ်မှာ လက်မှတ် ရေးထိုးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များသည် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြ ပါသည်။]

**သဘာပတိ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်မှတ်ရေးထိုး ပြီးတဲ့ ကတိသစ္စာပြုလွှာများကို အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းများက အစည်းအဝေး ရပ်နားချိန်မှာ ဝင်ရောက်သိမ်းယူကြမှာ ဖြစ်တဲ့အတွက် ကတိသစ္စာ ပြုလွှာများကို မိမိတို့ရဲ့ စားပွဲပေါ်မှာ ထားခဲ့ကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၇။**

**သဘာပတိ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ ပထမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၂၄)ဦး ရှိပြီး အစည်းအဝေးကို (၂၂၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၉.၅၅) ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၈။**

**သဘာပတိ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ သဘာပတိကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စာလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ယခု ခွင့်ပန်ကြားမှာကတော့ ယနေ့ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ ပထမနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ၏ ကိုယ်စား ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ သဘာပတိကြီး ခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း ဟာ ၎င်း၏ လုပ်ငန်းတာဝန်များ လွှဲပြောင်းပေးနိုင်ရေးကို လက်ရှိအစိုးရသက်တမ်း ကုန်ဆုံးသည်အထိ ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် အစည်းအဝေး တက်ရောက်နိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုးသိန်း ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**သဘာပတိ။** ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ရဲ့ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၂၁။**

**သဘာပတိ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**သဘာပတိ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

**အချိန်၊ ၁၀း၂၂။**

**သဘာပတိ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထဲမှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နဲ့ ဒုတိယဥက္ကဋ္ဌ တို့ကို ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၅ အရ ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတစ်ဦး ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀ အရ ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များဟာ အမည်စာရင်းတင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

အမည်စာရင်း တင်သွင်းခံရသူဟာ ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရပါမယ်။

အမည်စာရင်း တင်သွင်းသူဟာ အမည်စာရင်း တင်သွင်းလွှာမှာ လိုအပ်တဲ့ အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြပါပြီ။

[အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းကြပါသည်။]

**သဘာပတိ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလွှာပုံစံ ထုတ်ယူတဲ့ အရေအတွက်ဟာ (၁) စောင် ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ (၁)စောင် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းရာမှာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမန်းဝင်းခိုင်သန်း ကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဦး က အမည်စာရင်းတင်သွင်းပြီး တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ဝင်း က ထောက်ခံထားပါတယ်။

ဒါကြောင့် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးတည်းသာ ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁ အရ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမန်းဝင်းခိုင်သန်း ကို ဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

**အချိန်၊ ၁၀း၃၁။**

**သဘာပတိ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌတစ်ဦး ကို ရွေးကောက်တင်မြှောက်ပြီး ဖြစ်တဲ့အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦးကို ဆက်လက်ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်နိုင်ဖို့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃ အရ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းရမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်း တင်သွင်းလွှာ ပုံစံကို အခမ်းအနားမှူးထံ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

အမည်စာရင်း တင်သွင်းခံရသူဟာ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရပါမယ်။

အမည်စာရင်း တင်သွင်းသူဟာ အမည်စာရင်း တင်သွင်းလွှာမှာ လိုအပ်တဲ့ အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းကြပါသည်။]

**သဘာပတိ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလွှာပုံစံ ထုတ်ယူတဲ့ အရေအတွက်ဟာ (၁) စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ (၁)စောင် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း အဖြစ် အမည်စာရင်း တင်သွင်းရာမှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးအေးသာအောင် ကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ က အမည်စာရင်း တင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ထွေး က ထောက်ခံထားပါတယ်။

ဒါကြောင့် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးတည်းသာ ရှိတဲ့အတွက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးအေးသာအောင် ကို ဒုတိယ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့ သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၄၀။**

**သဘာပတိ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့ကို ရွေးကောက်တင်မြှောက်ပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄ အရ သဘာပတိရှေ့မှောက်မှာ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ အဖြစ် ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့အား စင်မြင့်ပေါ်သို့ ကြွရောက်ပါရန် ဖိတ်ခေါ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုပြီးနောက် မိမိ အမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်။]

"အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ် မန်းဝင်းခိုင်သန်း သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

ဆက်လက်ပြီး ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ ဖြစ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ဒုတိယဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်။]

"အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ် ဦးအေးသာအောင် သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည် ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

အားလုံး ထိုင်နိုင်ကြပါပြီ။

**သဘာပတိ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅ အရ လွှတ်တော်၏ ရှေ့မှောက်တွင် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးတဲ့ အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့အား သဘာပတိ ၏ လက်ဝဲဘက်တွင် စီစဉ်ထားသည့် နေရာသို့ တက်ရောက်၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးပေးပါရန် ပန်ကြားအပ်ပါတယ်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်။]

## အမျိုးသားလွှတ်တော် သဘာပတိက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အား တာဝန်လွှဲအပ်ခြင်း

**အချိန်၊ ၁၀း၄၈။**

**သဘာပတိ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား တာဝန်လွှဲအပ်မှာ ဖြစ်ပါတယ်။ တာဝန်လွှဲအပ်ချိန်မှာ အစည်းအဝေး ခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး အား တာဝန်လွှဲအပ်မည့်နေရာသို့ ကြွရောက်ပါရန် ပန်ကြားအပ်ပါတယ်။

[သဘာပတိသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ပြီး ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၄၉။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားမှာ ဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကားပြောကြားပေးနိုင်ပါရန် ဥက္ကဋ္ဌအား လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ လေးစားအပ်တဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မန်းဝင်းခိုင်သန်း ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေးမှာ ယခုလို နှုတ်ခွန်းဆက်စကား ပြောကြားခွင့် ရတဲ့အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကရင်တိုင်းရင်းသားတစ်ဦးဖြစ်တဲ့ ကျွန်တော့်ကို ကြီးလေးတဲ့တာဝန်တွေ ထမ်းဆောင်ဖို့ ယုံကြည်စိတ်ချစွာဖြင့် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ပေးခဲ့တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးများကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အပေါ် ယုံကြည်လို့ ပေးအပ်တဲ့တာဝန်ကို ကျွန်တော့်အနေနဲ့ ဥပဒေများနဲ့အညီ သစ္စာရှိစွာ ကျေကျေပွန်ပွန် ထမ်းဆောင်ပါမယ်လို့ ကတိပြုအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ တည်နေရာ အနေအထားနဲ့ သယံဇာတ ပေါများကြွယ်ဝမှုတို့မှာ ဘယ်နိုင်ငံမှ မီမယ်မထင်ပါဘူး။ အဲဒီအနေအထားအရ ကျွန်တော်တို့ရဲ့ နိုင်ငံဟာ ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်ရမယ့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ ဒီလို မဖြစ်ခဲ့ပါဘူး။ အဲဒီအခြေအနေတွေကနေ ချမ်းသာကြွယ်ဝ ဖွံ့ဖြိုးတိုးတက်တဲ့ ဖယ်ဒရယ် ဒီမိုကရေစီနိုင်ငံ ဖြစ်လာဖို့ ပြည်သူ၊ ပြည်သားတွေကနေ ရွေးချယ်ပေးခဲ့တဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးတို့ရဲ့ တာဝန်ဖြစ်လာပြီ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဖယ်ဒရယ် ဒီမိုကရေစီနိုင်ငံဖြစ်လာအောင် ဆောင်ရွက်ဖို့ ရလာတဲ့အခွင့်အရေးဟာ ကျွန်တော်တို့ ကိုယ်စားလှယ်ကြီးတို့အတွက် ကြီးမားတဲ့ မဟာအခွင့်အရေးကြီးတစ်ရပ်ဖြစ်ပါတယ်။ အဲဒီရလာတဲ့ အခွင့်အရေးကို မိမိရရ ဆုပ်ကိုင်ပြီး မှန်မှန်ကန်ကန် သစ္စာရှိစွာ ဆောင်ရွက်ရင်း မိမိတို့ရဲ့ ကောင်းမွန်တဲ့ သမိုင်းသစ်တစ်ရပ်ကို ရေးဆွဲရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ရဲ့ နိုင်ငံကို ချမ်းသာကြွယ်ဝဖွံ့ဖြိုးတိုးတက်တဲ့ ဖယ်ဒရယ် ဒီမိုကရေစီနိုင်ငံ ဖြစ်အောင် ဆောင်ရွက်ရာမှာ ငြိမ်းချမ်းရေးရရှိဖို့၊ တရားဥပဒေစိုးမိုးရေးရရှိဖို့၊ အမျိုးသားရင်ကြားစေ့ရေးရရှိဖို့ အထူးပဲ လိုအပ်ပါတယ်။ အဲဒီအတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမယ့် တရားဥပဒေတွေ လိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော်ကြီးဟာ နိုင်ငံတော်ရဲ့ အာဏာကြီး(၃)ရပ်နဲ့ ဥပဒေပြုရေးအာဏာ ရရှိထားတဲ့ အဖွဲ့ကြီးဖြစ်တဲ့ အားလျော်စွာ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး နဲ့ အမျိုးသားရင်ကြားစေ့ရေးတို့အတွက် လိုအပ်တဲ့ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းဖို့၊ မလိုအပ်တဲ့ ဥပဒေများကို ပြင်ဆင်ပယ်ဖျက်ဖို့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးတို့အနေနဲ့ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတွေ မထားဘဲ ငါတို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံသားတွေ ဖြစ်တယ်။ တစ်မြေတည်းနေ တစ်ရေတည်းသောက်တဲ့ ညီအစ်ကိုမောင်နှမတွေ ဖြစ်တယ်လို့ ခံယူပြီးတော့ ဖွံ့ဖြိုးတိုးတက်တဲ့ ဖယ်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် လိုအပ်တဲ့ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမယ့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ တစ်ဦးကို တစ်ဦး ယုံယုံကြည်ကြည် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနဲ့ ကြိုးစားဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၀း၅၃ နာရီအချိန်တွင် ရပ်နားပါသည်။]